ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန

# အမိန့်ကြော်ငြာစာ

အမိန့်ပြန်ကြားချက် = no

အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်
အမှတ်၊ ၄/ ၂၀၁၉

နေပြည်တော်၊ ၁၃၈၁ ပြည့်နှစ်၊ တန်ခူးလဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီ လ ၁၉ ရက်)

## တိုက်ခန်းများနှင့် ကွန်ဒိုတိုက်ခန်းများအတွက် ကြိုတင်ပေးချေငွေအပေါ် ကျသင့်သော ကုန်သွယ်လုပ်ငန်းခွန် ပေးသွင်းရမည့် အချိန်နှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ စည်းမျဉ်း ၅၅၊ စည်းမျဉ်းခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ တိုက်ခန်းများ သို့မဟုတ် ကွန်ဒိုတိုက်ခန်းများ ရောင်းချရာတွင် ကြိုတင်ပေးချေငွေများအပေါ် ကျသင့်သော ကုန်သွယ်လုပ်ငန်းခွန် ပေးသွင်းရမည့်အချိန်နှင့်စပ်လျဉ်း၍ ရှင်းလင်းစွာသိရှိနိုင်စေရန်အတွက် အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆို ခြင်း ဖြစ်ပါသည်။

### သက်ဆိုင်သည့်အကြောင်းအရာ

၂။ ဤအဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းချက်သည် တိုက်ခန်းများ သို့မဟုတ် ကွန်ဒိုတိုက်ခန်းများ အရောင်းအဝယ် ပြုလုပ်သည့်အခါ ရောင်းရငွေအပေါ်တွင် ကျသင့်သော ကုန်သွယ်လုပ်ငန်းခွန်ကို ပေးသွင်းရမည့်အချိန်နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မည်ကဲ့သို့ အဓိပ္ပာယ် ဖွင့်ဆိုကြောင်း ရှင်းလင်းအသိပေးချက် ဖြစ်ပါသည်။

### အကျိုးသက်ရောက်သူများ

၃။ ဤအဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းချက်သည် တိုက်ခန်းများ သို့မဟုတ် ကွန်ဒိုတိုက်ခန်းများ ရောင်းချ သူများနှင့် ဝယ်ယူသူများ အပေါ်တွင် အကျိုးသက်ရောက်ပါသည်။

### သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) တွင် " မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သောရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ် ကျသင့်သောအခွန် ကို သက်ဆိုင်ရာလ ကုန်ဆုံးပြီး တစ်ဆယ်ရက်အတွင်း ပေးဆောင်ရမည်။ ထို့ပြင် သုံးလတစ်ကြိမ် ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး နောက်တစ်လအတွင်း သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည် " ဟူ၍ ပြဋ္ဌာန်းထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) တွင် " မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သောရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် ယင်းနှစ်အတွက် နှစ်ချုပ်ကြေညာလွှာကို သက်ဆိုင်ရာနှစ်ကုန်ဆုံးပြီး သုံးလအတွင်း သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည် " ဟူ၍ ပြဋ္ဌာန်းထားပါသည်။

၆။ ၂၀၁၈ – ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (စ) တွင် " နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အအုံ ဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။ အဆောက်အအုံ ဆောက်လုပ်ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများပါ တာဝန်ကို လိုက်နာရမည်ဖြစ်ပြီး အခွင့်အရေးများအားလုံးကိုလည်း ခံစားခွင့်ရှိစေရမည် " ဟူ၍ ပြဋ္ဌာန်းထားပါသည်။

## လိုက်နာဆောင်ရွက်ရန် တာဝန်သတ်မှတ်ချက်

၇။ တိုက်ခန်း သို့မဟုတ် ကွန်ဒိုတိုက်ခန်းများကို အရစ်ကျပေးချေသည့်စနစ်ဖြင့် ရောင်းချရာ၌ ဆောက်လုပ်ရောင်းချသူအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) အရ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မီ ရောင်းရငွေနှင့်အတူ ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်ကို ဝယ်ယူသူထံမှ တစ်ပါတည်းကောက်ခံ၍ ပေးဆောင်ရမည်ဖြစ်ပါသည်။ ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်သည် ၂၀၁၈–၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (စ) အရ သုံးရာခိုင်နှုန်း ဖြစ်ပါသည်။ ဆောက်လုပ်ရောင်းချသူများအနေဖြင့် အရစ်ကျပေးချေသည့်စနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်ပါက နှစ်တစ်နှစ်အတွင်း ပေးချေသည့်ငွေ သို့မဟုတ် ပေးချေရန် သဘောတူညီထားသည့် ရရန်ငွေများအပေါ်တွင် ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်ကို သက်ဆိုင်ရာနှစ်အတွင်း ပထမဦးဆုံးငွေပေးချေသည့် လ ကုန်ဆုံးပြီး တစ်ဆယ်ရက်အတွင်း ပေးသွင်းရမည် ဖြစ်ပါသည်။ ယင်းသို့ ပေးသွင်းရာတွင် အရစ်ကျပေးသွင်းရန် သဘောတူညီထားသည့် နှစ်အလိုက် သက်ဆိုင်ရာနှစ်တစ်နှစ်ချင်းစီအတွက် ပေးချေသည့်ငွေ သို့မဟုတ် ပေးချေရန်ရှိသည့်ငွေ အပေါ်တွင် ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်ကို သက်ဆိုင်ရာနှစ်အတွင်း ပထမဦးဆုံး ငွေပေးချေသည့်အချိန်တွင် တစ်ကြိမ်တည်း ပေးဆောင်ရမည် ဖြစ်ပါသည်။

## နမူနာဖြစ်စဉ်

ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုဖြစ်သော ' အေ ' သည် အခန်းပေါင်း ၁၀၀ ရှိသည့် အဆောက်အဦတစ်ခုကို ဆောက်လုပ်ခဲ့ပြီး တိုက်ခန်းအားလုံးကို ကျပ် ၃၂၀,၀၀၀,၀၀၀ ဖြင့် လုပ်ငန်း မစတင်မီ ကပင် ' ဘီ ' သို့ အရစ်ကျစနစ်ဖြင့် ရောင်းချခဲ့ပါသည်။ သဘောတူစာချုပ်အရ တိုက်ခန်းများ၏ တန်ဖိုးကို ' ဘီ ' မှ ' အေ ' သို့ အောက်ပါအတိုင်း ပေးချေရန် သဘောတူ၍ အရောင်းအဝယ်ဖြစ်ခဲ့ပါသည် –

(က) 'ဘီ ' သည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ တွင် Deposit အဖြစ် ကျပ် ၃၀, ၀၀၀, ၀၀၀/- ကို ပေးချေရန်။

(ခ) 'ဘီ ' သည် ၂၀၁၈ ခုနှစ်၊ မေလမှစ၍ ၂၄ လအတွက် တစ်လလျှင် ကျပ် ၁၀၀၀၀၀၀၀/- ကို လစဉ် လဆန်း (၁) ရက်နေ့တွင် ပေးချေရန်။

(ဂ) 'ဘီ ' သည် နောက်ဆုံးအပြီးသတ်အဖြစ် ကျပ် ၅၀၀၀၀၀၀၀/- ကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၁ ရက် နေ့တွင် ပေးချေရန်။

**ဤအမိပ္ပာယ်ဖွင့်ဆိုရှင်းလင်းခြင်းဆိုင်ရာသတ်မှတ်ချက်ကိုကျင့်သုံးခြင်း**

၂၀၁၈ ခုနှစ် ဧပြီလ ၁ရက်နေ့တွင်ရရှိသော Deposit ငွေကျပ် ၃၀,၀၀၀,၀၀၀/- နှင့် ပထမ (၁၁) လအတွက် ငွေကျပ် ၁၁၀,၀၀၀,၀၀၀/- စုစုပေါင်း ငွေကျပ် ၁၄၀,၀၀၀,၀၀၀/-ပေါ်တွင် သုံးရာခိုင်နှုန်း ဖြစ်သော ကုန်သွယ်လုပ်ငန်းခွန် ငွေကျပ် ၄,၀၇၇,၆၆၉/- ကို ၂၀၁၈ခုနှစ် မေလ ၁၀ ရက်နေ့တွင် သက်ဆိုင်ရာအခွန်ရုံးသို့ ပေးဆောင်ရမည်ဖြစ်ပါသည်။ ကျန်ရှိသောငွေကျပ် ၁၈၀,၀၀၀,၀၀၀/-ပေါ်တွင် နှစ်အလိုက်ပြဋ္ဌာန်းထားသော ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ နှုန်းထားများအတိုင်း ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်ကို တွက်ချက်၍ ဤအမိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ပါအတိုင်း ပေးဆောင်ရမည် ဖြစ်ပါသည်။

၈။ ဤအမိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ကိုလက်မှတ်ရေးထိုးထုတ်ပြန်လိုက်ပါသည်။

( မင်းထွဋ် )
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊၁(၃)/ ဥစ-၁/ ပတခ/ ၂၀၁၉ (၄၂၄၆)
ရက်စွဲ ၊၂၀၁၉ ခုနှစ် ဧပြီ လ ၁၉ ရက်

<u>ဖြန့်ဝေခြင်း</u>

မြန်မာနိုင်ငံစာရင်းကောင်စီ

ညွှန်ကြားရေးမှူးချုပ်၊ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ် (အားလုံး)
} မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။

ဌာနခွဲညွှန်ကြားရေးမှူး (အားလုံး)
ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး
ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃)၊ (၄)
တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူး (အားလုံး)
ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး
} သက်ဆိုင်ရာအခွန်ထမ်းများကို အသိပေး ရှင်းလင်းရန် ညွှန်ကြားပေးပို့ပါသည်။

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း
မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ